တောင်တံတိုင်းရှည်ကျေးရွာ
ပုသိမ်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄–၂၀၂၉)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်တံတိုင်းရှည်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	တောင်တံတိုင်းရှည်ကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ပုသိမ်ကြီးမြို့နယ်	
	တောင်တံတိုင်းရှည်ကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ပုသိမ်ကြီးမြို့နယ်	
	တောင်တံတိုင်းရှည်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ၊ ပုသိမ်ကြီးမြို့နယ်	
	တောင်တံတိုင်းရှည်ကျေးရွာ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ပုသိမ်ကြီးမြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးယုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


စက်တင်ဘာလ၊ ၂၀၂၄
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်တံတိုင်းရှည်ကျေးရွာ
ပုသိမ်ကြီးမြို့နယ်

၁.ပုသိမ်ကြီးမြို့နယ် ၊ တောင်တံတိုင်းရှည်ကျေးရွာအုပ်စု ၊ တောင်တံတိုင်းရှည်ကျေးရွာ၏
သယံဇာတပြမြေပုံ



၂. ပုသိမ်ကြီးမြို့နယ် ၊ တောင်တံတိုင်းရှည်ကျေးရွာအုပ်စု ၊ တောင်တံတိုင်းရှည်ကျေးရွာ၏
ရာသီခွင်ပြ ပြက္ခဒိန်



၃. ပုသိမ်ကြီးမြို့နယ် ၊ တောင်တံတိုင်းရှည်ကျေးရွာအုပ်စု ၊ တောင်တံတိုင်းရှည်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

တောင်တံတိုင်းရှည်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ပုသိမ်ကြီးမြို့၏ တောင်ဘက် (၈)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက် နယ်နိမိတ်တွင် သာစည်ရွာသစ်ကျေးရွာ ၊ အနောက်ဘက် နယ်နိမိတ်တွင် နတ်စုကျေးရွာ၊ မြောက်ဘက် နယ်နိမိတ်တွင် မြေက်တံတိုင်းရှည်ကျေးရွာနှင့် တောင်ဘက်တွင် အမရပူရမြို့နယ်တို့ တည်ရှိပါသည်။ အိမ်ခြေအားဖြင့် (၁၂၀) အိမ် ရှိသော ကျေးရွာကြီး တစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ ကုန်စည်ဝန်ဆောင်မှု အချို့အတွက် မန္တလေးစျေးချို စျေးနှင့် ဆက်သွယ် ဆောင်ရွက်ကြပါသည်။ စျေးချိုနှင့် ဆက်သွယ်သော လမ်းမှာ မြေသားလမ်း၊ ဂဝံကျောက်ကြမ်းလမ်းနှင့် ကတ္တရာလမ်းဖြစ်ပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြရပြီး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပါသည်။ ကျေးရွာတွင်း လမ်းများမှာ မိုးရာသီတွင် ရွံ့ဗွက်များထခြင်း၊ သွားလာရ ခက်ခဲခြင်းများ ကြုံနေရပြီး အဆိုပါရွာတွင်း လမ်းအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့်လုပ်ငန်းများ ခရီးတွင် လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် အထောက် အကူဖြစ်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်တံတိုင်းရှည်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီစင်တီဂရိတ်ရှိတက်ပါသည်။ တောင်တံတိုင်းရှည်ကျေးရွာတွင် သီးနှံများကို ဆည်ရေကို အမှီပြုစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး ကောင်းမွန်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ မြေပဲနှင့် မတ်ပဲများ ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောင်တံတိုင်းရှည်ကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော သာရေးနာရေးကူညီရေး အသင်းအဖွဲ့(မေတ္တာရှင်ပရဟိတ)၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရေကော်မတီ၊ မီးကော်မတီ၊ ကျောင်း ကော်မတီ အဖွဲ့များ ရှိပြီး ကျေးရွာ၏ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာပါဝင် ဆောင်ရွက် လျက် ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့ နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်တံတိုင်းရှည်ကျေးရွာတွင် ၁၂.၅ ဧကအထက် တောင်သူကြီး အိမ်ထောင်စု (၂)စု၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် အိမ်ထောင်စု (၉)စု၊ ၂.၅ဧကမှ ၅ဧကကြား တောင်သူငယ် အိမ်ထောင်စု (၁၁) စု ၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ အိမ်ထောင်စု(၂၀)စုနှင့် မြေယာမဲ့ အိမ်ထောင်စု(၅၁)စု တို့ရှိကြပြီး အများစုမှာ စပါး၊ နှမ်းနှင့် သရက်များ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာများ အနေဖြင့် ထွန်စက် (၂) စီး၊ လက်တွန်းထွန်စက် (၁)စီး၊ ရေစုပ်စက် (၁၄) စီး၊ မြတ်ရိတ်စက် (၃) ခု ရှိပြီး အဆိုပါစက်များ ပိုင်ဆိုင်မှု မရှိသူများသည် ငှါးရမ်း၍ ထွန်ယက် စိုက်ပျိုး ကြပါသည်။

(ခ) မွေးမြူရေး

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၇)စုရှိပြီး နွားကောင်ရေ(၆၁)ကောင်၊ နို့စား နွားမွေးမြူထားသည့် အိမ်ထောင်စု(၃)စုရှိပြီး နို့စားနွားကောင်ရေ(၅၂)ကောင်၊ မြင်းမွေးမြူထား သည့် အိမ်ထောင်စု(၁)စုရှိပြီး မြင်းကောင်ရေ(၁)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၂)စု

ရှိပြီး ဝက်ကောင်ရေ(၇)ကောင်နှင့် ကြက်မွေးမြူ ထားသည့် အိမ်ထောင်စု (၃) ရှိပြီး ကြက်ကောင်ရေ (၁၈)ကောင်ရှိ၍ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်နေကြပါသည်။ မွေးမြူရေး နှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေး ထိုးခြင်းဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်း ချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့် အပြင် စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာ များ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရေ လုပ်ငန်းများ

ကျေးရွာတွင် လယ်ယာလုပ်သားနှင့် အခြားကျပန်း လုပ်ကိုင်သူ များရှိပြီး နီးစပ်ရာကျေးရွာများနှင့် မန္တလေးမြို့များသို့ သွားရောက်လုပ်ကိုင် အသက်မွေး ကြပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင်(၁.၅)သိန်းနှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိသဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ကိုင်နေကြသော အိမ်ထောင်စု များသို့ အရင်းအနှီးငွေများ ထုတ်ချေးထားကြပါသည်။ ချေးငွေများသည် လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှစီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းနေကြပါသည်။ ကျေးရွာမှ ငွေချေးသူများနှင့် ပြင်ပမှ လာရောက်ချေးယူသူများထံမှ အတိုးနှုန်းကြီးစွာ ချေးယူနေ ကြရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသောကြောင့် မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် အဆင့်မြင့်တင့်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် စက်ဘီး(၈၂)စီး၊ မော်တော်ဆိုင်ကယ် (၁၃၆)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ထော်လာကျီ(၆)စီး၊ ကား (၃၅) စီး၊ နွားလှည်း (၂)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အားအသုံးပြုနိုင်သူ အိမ်ထောင်စုသည် (၁၂၀) အိမ်ထာင်စု ကျေးရွာအိမ်ထောင်စု၏ (၁၀၀) ရာခိုင်နှုန်း၊ ဒီဇယ်သုံးအင်ဂျင်စနစ် အသုံးပြုသူ အိမ်ထောင်စု (၁၁) စု ကျေးရွာအိမ်ထောင်စု၏ (၉) ရာခိုင်နှုန်းရှိသဖြင့် လျှပ်စစ်မီးနှင့် ပတ်သက်၍ အခက်အခဲမရှိသုံးစွဲနိုင်ကြောင်း တွေ့ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း (၂၈၃) လုံး၊ ရေဒီယို (၂)လုံး၊ တီဗွီ(၉၅)လုံးနှင့် ဂြိုလ်တုစလောင်း(၃၈)ခုစသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် အင်တာနက်လက်လှမ်းမီသည့် အိမ်ထောင်စု (၁၂၀) စု ရှိပါသည်။

၆။ ပညာရေး

တောင်တံတိုင်းရှည်ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် မူလတန်းပညာကို ကျေးရွာ တွင်သာ အလွယ်တကူသင်ယူနိုင်ကြပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ကျေးရွာအနီးရှိ မြောက်တံတိုင်းရှည်ကျေးရွာနှင့် ကျောက်မီးကျေးရွားသို့သွားရောက် သင်ယူကြရပြီး ကျေးရွာအနေဖြင့် ကျောင်းသားဦးရေမှာ မူလတန်းအဆင့်(၄၁)ဦး၊ အလယ်တန်းအဆင့် (၄၆)ဦးနှင့် အထက်တန်းအဆင့် (၃၃)ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့် (၁၆)ဦး စုစုပေါင်း ပညာသင်ကြားနေသူ (၁၃၆)ဦး ရှိပါသည်။

အထက်တန်းကျောင်းကို ငွေကြေးအဆင်ပြေသော မိဘများအနေဖြင့် မန္တလေးမြို့ရှိ ကိုယ်ပိုင် အထက်တန်းကျောင်းများ၊ ဘော်ဒါများသို့ သွားရောက်အပ်နှံကြပါသည်။ မန္တလေးမြို့ရှိ ကိုယ်ပိုင်အထက် တန်းကျောင်း များသို့ တက်ရောက်သော ကျောင်းသားများအနေဖြင့် များသောအားဖြင့် စက်ဘီး၊ ဆိုင်ကယ် များဖြင့် ကျောင်းတက်ရောက်ကြပါသည်။

ကျေးရွာတွင် မူလတန်းပြီးမြောက်သူ (၃၀၉) ဦး၊ အလယ်တန်းပြီးမြောက်သူ (၅၀)ဦး၊ အထက်တန်း ပြီးမြောက်သူ(၃၇)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ(၂၆)ဦးရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူစွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တောင်တံတိုင်းရှည်ကျေးရွာတွင် ကျန်းမာရေးဌာနခွဲမရှိသဖြင့် ကျန်းမာရေးဌာနခွဲမရှိသဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အရေးပေါ်ကိစ္စများနှင့်ရောဂါကြီးများကို မန္တလေးမြို့သို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကူးစက် ရောဂါများ ဆိုးဆိုးရွားရွားမရှိခဲ့ပါ။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီတုတ်ကွေး၊ ဖျားနာခြင်း ဖြစ်ပေါ်တက်ပါသည်။

သောက်သုံးရေအတွက် ကျေးရွာတွင် ရေတွင်း (၂၁)တွင်း၊ အဝီစိတွင်း စက်တပ်(၅၁) တွင်း၊ အဝီစိတွင်း တုံကင်(၃၆)တွင်း ရှိသဖြင့် သောက်သုံးရေအတွက် အခက်အခဲမရှိပါ။ ရေတွင်းများမှာ ရေအရည်အသွေး စမ်းသပ် စစ်ဆေးမှုများ မရှိသေးပါ။

သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု (၁၂၀)စု ရှိသည့်အတွက် အိမ်ထောင်စု (၁၀၀%) အသုံးပြုကြသဖြင့် ကျန်းမာရေးအသိပညာ ရှိကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ခင်းများဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်း စီမံ ခန့်ခွဲမှု အားနည်းသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ် ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှု ရှိပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ် ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် တောင်တံတိုင်းရှည်			ကျေးရွာအမည် တောင်တံတိုင်းရှည်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခြင်း
၂	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ရေသန့်စင်စက်တပ်ဆင်ခြင်း
၃	ကျန်းမာရေး	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း
၄	လူငယ်နှင့်အားကစားကဏ္ဍ	အခြေခံအဆောက်အဦ	ကျေးရွာနေပြည်သူများ ကျန်းမာဖွံ့ဖြိုးစေရန် ကျန်းမာရေးလေ့ကျင့်ကိရိယာများ ထားရှိပေးခြင်း
၅	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ကျေးရွာခန်းမတည်ဆောက်ခြင်း

တောင်တံတိုင်းရှည်ကျေးရွာ၊ တောင်တံတိုင်းရှည်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဒေါ်ညိမ်းညိမ်း	ဦးစံသိန်း	၉/ပသက(နိုင်) ၀၈၃၁၀၀	၅၂	ဥက္ကဋ္ဌ	၀၉-၇၆၄၆၄၆၄၅၅
၂	ဦးဟန်ညွန့်	ဦးတင်ဆောင်	၉/ပသက(နိုင်) ၀၉၂၉၄၅	၆၇	အတွင်းရေးမှူး	၀၉-၂၅၉၀၀၇၆၂၉
၃	ဦးကျော်တင့်	ဦးကုလား	၉/ပသက(နိုင်) ၀၈၃၁၀၄	၄၀	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉-၄၀၂၇၂၄၄၈၈
၄	ဒေါ်ရီမာလွင်	ဦးလှညွှန့်	၉/ပသက(နိုင်) ၁၂၅၃၉၉၉	၃၁	ဘဏ္ဍာရေးမှူး	၀၉-၄၀၂၇၂၉၃၉
၅	ဒေါ်ယမုံစိုး	ဦးမြင့်စိုး	၉/ပသက(နိုင်) ၁၄၁၅၅၃	၂၆	စာရင်းကိုင်	၀၉-၄၄၉၈၅၅၃၃၀
၆	ဦးကျော်မြင့်	ဦးပန်	၉/ပသက(နိုင်) ၀၄၁၇၀၅	၅၅	အဖွဲ့ဝင်	၀၉-၇၈၉၉၀၃၅၁၇
၇	ဦးကိုကိုမောင်	ဦးမြသိန်း	၉/ပသက(နိုင်) ၀၇၆၀၆၉	၄၉	အဖွဲ့ဝင်	၀၉-၉၆၄၆၂၀၁၇၉

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၃	၅	၁၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆	၁၄	၂၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၉	၃၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၂	၁၉၂	၃၅၄	၁	
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၁၀	၁၈		
စုစုပေါင်း		၂၀၂	၂၄၁	၄၄၃		
စုစုပေါင်း အိမ်ထောင်စု		၁၂၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်တံတိုင်းရှည်ကျေးရွာတွင် အိမ်ထောင်စု(၁၂၀)စု နှင့် လူဦးရေ (၄၄၃) ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သော ငါးနှစ်အောက်နှင့်နို့စို့အရွယ်နေဖြင့် (၄) ရာခိုင်နှုန်း၊ မူလတန်း ကျောင်းသားရွယ် (၅) ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းသားအရွယ် (၇)ရာခိုင်နှုန်း၊ အလုပ်လုပ်နိုင်သည့်အရွယ်(၈၀) ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို (၄) ရာခိုင်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေအနေဖြင့် တစ်ရွာလုံး၏ (၈၀) ရာခိုင်နှုန်း ရှိသောကြောင့်လူသား အရင်းမြစ်များစွာရှိသဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၄၀	၁၄၃	၆	၇၄	၆၉		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅၃	၁၃၆	၁၂	၆၀	၇၆		မြင့် ☐လတ်☐ နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၅	၂၀	-	၁၀	၁၀		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၂	၃၈	၂	၁၅	၂၃		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁	၄	-	၁	၃		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄	၈	၃	၄	၄		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၃	၁	၂	၁		မြင့် ☑လတ်☐ နိမ့်☐
	စုစုပေါင်း	၁၁၇	၃၅၂	၂၄	၁၆၆	၁၈၆		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"

အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း

တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ အိမ်ထောင်စု စုစုပေါင်း၏(၇၆%) မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်ပြီး မွေးမြူရေးလုပ်ကိုင်သူများ၊ အရောင်းအဝယ်လုပ်ကိုင်သူများ၊ လယ်ယာအငှါးလုပ်သားများ၊ ကျပန်းအလုပ်များ လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၄၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၈၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ÷၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်း၊မွေးမြူရေး၊ ဆောက်လုပ်ရေးနှင့် ပန်းရံလုပ်ငန်းများတွင် ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်ကြသည့် အလုပ်သမားများ၏ လုပ်ခလစာများအနေဖြင့် လယ်ယာလုပ်ငန်းတွင် အမျိုးသားများမှာ အများဆုံး ငွေကျပ် (၁၀,၀၀၀/-) နှင့် ငွေကျပ် အမျိုးသမီးများမှာ(၈,၀၀၀/-)၊ မွေးမြူရေးလုပ်ငန်းတွင် အမျိုးသားများမှာ အများဆုံး ငွေကျပ် (၈,၀၀၀/-)နှင့် အမျိုးသမီးများမှာ ငွေကျပ် (၇,၀၀၀/-)၊ ဆောက်လုပ်ရေး

လက်သမား၊ ပန်းရံလုပ်ငန်းတွင် အမျိုးသားများမှာ အများဆုံး ငွေကျပ် (၁၂၀၀၀/-)နှင့် အမျိုးသမီးများမှာ ငွေကျပ် (၁၀,၀၀၀/-)၊ ရရှိကြသဖြင့် လုပ်ခလစာများတွင် အမျိုးသားများကပိုမိုရရှိကြပြီး ကျား/မကွာဟမှု ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၆၃	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၉၁	ကောင်း ☑	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၈	ကောင်း ☑	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၈၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၆၃)ဧက၊ ယာမြေ (၉၁) ဧကနှင့် ဥယျာဉ်ခြံမြေ (၂၈) ဧက ရှိပြီး မြေဆီလွှာအရည်အသွေးကောင်းမွန်ပါသည်။ စိုက်ပျိုးသီးနှံများကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးကြသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
စသည်။)			
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – အပူပိုင်းသစ်တော	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးတွင် သတ္ထုနှင့်အခြားသယံဇာတများသဘာဝ တိရစ္ဆာန် မျိုးစိတ်များ မရှိပါ။ ဆေးဖက်ဝင်အပင်များဖြစ်သော မြင်းခွါရွက်၊ ကုက္ကိုပင်နှင့် နွားစာပင်များရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၁	၁၆	၄၇	၂၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၁)စု၊ အလယ်အလတ် ရှိသော အိမ်ထောင်စု(၁၆)စု၊ မပြေလည်သော အိမ်ထောင်စု(၄၇)စုရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စု(၂၆)စု ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် စိုက်ပျိုးရေး ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စုများနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် လယ်ယာလုပ်သားများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်သား၊ ကျပန်းအလုပ် သမားများ ဖြစ်ပြီး အနီးအနားရွာများနှင့် မန္တလေးမြို့သို့ သွားရောက် လုပ်ကိုင်ကြသူအများစုဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ် ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များ ကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ဝမ်းစာဖူလုံမှုအနေဖြင့် ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခဲ့ရာတွင် ကျေးရွာသည့် စိုက်ပျိုးရေးအဓိကလုပ်ကိုင်သည့် ရွာ ဖြစ်သဖြင့် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်တံတိုင်းရှည်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို မရှိပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်) လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘေးအန္တရာယ်ထိခိုက်သက်ရောက်မှုအနေဖြင့် မိုးခေါင်ခြင်း၊ စိုက်ပျိုးရေရှားပါးမှု အနည်းငယ်သာရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓		✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ **(IDP)**						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ

ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်သဖြင့် အမှားအမှန် ကောင်းစွာ မခွဲခြားနိုင်ခြင်း၊ စိတ်လိုက်မာန်ပါလုပ်တတ်ခြင်းများကြောင့် ထိခိုက်လွယ်မှု အလယ်အလတ်ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	မေတ္တာရှင် ပရဟိတ အဖွဲ့	၁☐၂☑၃☐	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	မီးကော်မတီ	၁☐၂☑၃☐	၇	၁	၈	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ကျောင်း ကော်မတီ	၁☐၂☑၃☐	-	၃	၃	ပညာရေး ☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	စာကြည့်တိုက်	၁☐၂☑၃☐	၄	၆	၁၀	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော သာရေး နာရေးကူညီရေး အသင်းအဖွဲ့(မေတ္တာရှင်ပရဟိတ)၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မီးကော်မတီ၊ ကျောင်းကော်မတီ၊ စာကြည့်တိုက်အဖွဲ့များရှိပြီး ကျေးရွာ၏ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ
နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ တောင်တံတိုင်းရှည်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်း မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅၁	၁၂	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၀	၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၁	၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၉	၂	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၉၃	၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၀) စု ရှိသည့်အနက် စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စု (၉၃) စု ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှုအခြေအနေမှာ မြေယာမဲ့အိမ်ထောင်စု(၅၁)စု၊ ၂.၅ ဧကအောက် အိမ်ထောင်စု (၂၀) စု၊ ၂.၅ဧကမှ၅ဧကကြား အိမ်ထောင်စု (၁၁)စု၊ ၅ဧကမှ၁၂.၅ဧကကြား အိမ်ထောင်စု (၉)စု၊ ၁၂.၅ဧကအထက် (၂)စု ရှိပါသည်။ စိုက်ပျိုးမြေမရှိသော မြေယာမဲ့များမှာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ တောင်သူလုပ်သား၊ ဆောက်လုပ်ရေးလုပ်သားများနှင့် ကျပန်းအလုပ်သမားများဖြစ်ကြသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	ဆည်	၁၈၂	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☑
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူများသည် စိုက်ပျိုးရေးအတွက် ဆည်ရေသောက် စနစ်ဖြင့် အသုံးပြုစိုက်ပျိုးကြသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၅၄	တင်း	၈၀	၁၀၀	၉၀	ဩဂုတ်	နိုဝင်ဘာ	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐ နိမ့်☑
နှမ်း	၁၅၄	တင်း	၆	၁၀	၈	မတ်	ဇူလိုင်	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐ နိမ့်☑
သရက်	၂၈	ခြင်း	၃၀၀	၅၀၀	၄၀၀	နိုဝင်ဘာ	မေ	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိက စိုက်ပျိုးသီနှံများမှာ စပါး၊ နှမ်း၊ သရက်များ စိုက်ပျိုး ကြသည်။ သွင်းအားစုများနှင့်အမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်သာရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂			
လက်တွန်းထွန်စက်	၁			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၄			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၃			

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာများ အနေဖြင့် ထွန်စက် (၂) စီး၊ လက်တွန်းထွန်စက် (၁)စီး၊ ရေစုပ်စက် (၁၄) စီး၊ မြက်ရိတ်စက် (၃) ခု ရှိပြီး အဆိုပါစက်များ ပိုင်ဆိုင်မှု မရှိသူများသည် ငှါးရမ်း၍ ထွန်ယက် စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ နှမ်း၊ သရက်များကို အဓိကစိုက်ပျိုးကြပါသည်။ မြေဩဇာနှင့် သီးနှံမျိုးကောင်းမျိုးသန့်များကို ဝယ်ယူရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကို ရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး /အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက်လက် လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေးအနေဖြင့် ရာသီဥတုမမှန်ခြင်း၊ ဖျက်ပိုးနှင့် ရောဂါကျရောက်ခြင်းများကြောင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းအား အနည်းငယ် ထိခိုက်မှု ရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇	၆၁
နို့စားနွား	၃	၅၂
ကျွဲ		
မြင်း	၁	၁
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂	၇
ကြက်	၃	၁၈
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၇)စုရှိပြီး နွားကောင်ရေ(၆၁)ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု(၃)စုရှိပြီး နို့စားနွားကောင်ရေ (၅၂) ကောင်၊ မြင်းမွေးမြူထားသည့် အိမ်ထောင်စု(၁)စုရှိပြီး မြင်းကောင်ရေ(၁)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၂)ရှိပြီး ဝက်ကောင်ရေ(၇) ကောင်နှင့် ကြက်မွေးမြူ ထားသည့် အိမ်ထောင်စု (၃) စု ရှိပြီး ကြက်ကောင်ရေ (၁၈)ကောင်ရှိ၍ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ကိုင်နေကြပါသည်။ကျေးရွာတွင် မွေးမြူသည့် တိရစ္ဆာန်ကောင်ရေများအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးပုံမှန် ထိုးပေးရန်လိုအပ်ပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက် များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☐ အသင့်အတင့်☑ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☑ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☐ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချ နိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
